မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၂) ရက်။

# ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏(၂၈)ခုမြောက် ဘဏ်ခွဲဖြစ်သော ပခုက္ကူဘဏ်ခွဲအား (၂၂-၆-၂၀၁၈) ရက်နေ့ နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ပြီးဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာ အပ်ပါသည်။ အဆိုပါဘဏ်ခွဲကို ဆိုင်ခန်းအမှတ် - (၅၉)၊ မြို့မလမ်း နှင့် ကုသိနာရုံလမ်းထောင့်၊ အမှတ် (၈) ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းတွင် ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယင်း ပခုက္ကူဘဏ်ခွဲသည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း စတုတ္ထမြောက်ဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ပခုက္ကူမြို့တွင် ပထမဆုံးဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးလုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး မကွေးတိုင်းဒေသကြီးနှင့် နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**